# လက်တွဲညီညီရှေ့သို့ချီ မူးယစ်ကင်းစင် ကချင်ပြည်နယ်

# Kachin Uniting for a Future Without Drug Use

မေ ၂၀၁၉၊ WSR အလုပ်ရုံဆွေးနွေးပွဲ ရလဒ်အစီရင်ခံစာ



မေ ၅- ၇၊ ၂၀၁၉

အဂ္ဂါပေခန်းမ၊ မြစ်ကြီးနား၊ ကချင်ပြည်နယ်၊ မြန်မာ

*ကချင်ပြည်နယ် HIV/ AIDS နှင့်မူးယစ်ကပ်ဆိုက်နေမှုအား ကိုင်တွယ်ဖြေရှင်းနေသည့် USAID၊ မြန်မာ ဒေသဆိုင်ရာ စီမံကိန်းများမှ ပံ့ပိုးကူညီခြင်းဖြစ်သည်။*

## လက်တွဲညီညီရှေ့သို့ချီ မူးယစ်ကင်းစင် ကချင်ပြည်နယ်

**Whole System in the Room Workshop**

**မေ ၅- ၇၊ ၂၀၁၉**


***Submitted By***

Riley Abbott, Innovation Advisor, USAID/Lab/Center for Development Innovation, rabbott@usaid.gov

Helen Moser, Program Specialist, USAID/E3/LS hmoser@usaid.gov

***Submitted To***

Robert Kelly, HIV/AIDS Advisor, USAID/Burma rkelly@usaid.gov

Myint Myint Kyu, Program Development Specialist, USAID/Burma/PDO, mmkyu@usaid.gov

Whole System in the Room အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများ




### *ပိုမိုသိလိုပါက ဆက်သွယ်ရန်*

USAID/Missions and OUs seeking information about the Whole System in the Room or incorporating innovative design methodologies in their project or activities, please contact: labinnovation@usaid.gov

local workers နှင့်ပတ်သက်ပြီး ပိုမိုသိလိုပါက localworks@usaid.gov.  တွင်ဆက်သွယ်နိုင်ပါသည်။

# မာတိကာ


| | |
|---|---|
| အလုပ်ရုံဆွေးနွေးပွဲအကျဉ်းချုပ် | ၅ |
| နောက်ခံအကြောင်းအရာ | ၅ |
| နည်းနိဿယ | ၅ |
| ဘုံသဘောတူညီချက်များ- ကချင်ပြည်နယ်တွင်းမူးယစ်ဆေးဝါးပြဿနာများအား ကိုင်တွယ်ဖြေရှင်းရန်အစီအစဉ် | ၅ |
| တန်ဖိုးစံနှုန်းများနှင့် မူဝါဒ | ၆ |
| စီမံကိန်းများနှင့် လုပ်ငန်းစဉ်များ | ၆ |
| လက်တွေ့လုပ်ဆောင်ရန်အစီအမံများ | ၇ |
| တန်ဖိုးစံနှုန်းများနှင့် မူဝါဒရေးရာကော်မတီ | ၇ |
| ပြန်လည်ထူထောင်ရေးကော်မတီ | ၇ |
| ကြိုတင်တားဆီးရေးကော်မတီ | ၈ |
| မူးယစ်ဆန့်ကျင်ရေးကော်မတီ | ၈ |
| ကုသရေးကော်မတီ | ၈ |
| မူးယစ်ပညာပေးကော်မတီ | ၉ |
| ကိုယ်တိုင်စီမံခန့်ခွဲရသည့် လေ့ကျင့်ခန်းများ | ၉ |
| အတိတ်ကိုအာရုံထားခြင်း၊ ရက်စဉ်/ ဖြစ်စဉ်ပြဇယား (ပထမနေ့) | ၉ |
| ပစ္စုပ္ပန်ကို အာရုံထားခြင်း၊ Mind Map နှင့် အရေးကြီးဖြစ်စဉ်များ (ပထမနေ့) | ၁၁ |
| ပစ္စုပ္ပန်ကို အာရုံထားခြင်း၊ အဓိကအကြောင်းအရာများ (ဒုတိယနေ့) | ၁၄ |
| အနာဂတ်ကိုအာရုံထားခြင်း၊ ဖြစ်လာနိုင်မည့်အခြေအနေကိုစီမံကိန်းချမှတ်ခြင်း (ဒုတိယနေ့) | ၁၄ |
| နောက်ဆက်တွဲများ | ၁၅ |
| ပါဝင်သူများစာရင်းနှင့် ဆက်သွယ်ရန်လိပ်စာ | ၂၀ |
| တစ်ဦးစီ၏ ရက်စဉ်သမိုင်း | ၂၀ |
| Mind Map တွင်ပါသော ဖြစ်စဉ်ပြဇယား | ၂၁ |
| အလုပ်ရုံဆွေးနွေးပွဲအစီအစဉ် | ၂၁ |

# အလုပ်ရုံဆွေးနွေးပွဲအကျဉ်းချုပ်

## နောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံသည် ကမ္ဘာတွင် ဘိန်းထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။ စိတ်ကြွရူးသွပ်ဆေးအများဆုံး ထုတ်လုပ်နေသော နိုင်ငံဟုလည်းယူဆရသည်။ ကချင်ပြည်နယ်တွင်မူ ဘိန်းဖြူအားလွယ်လင့်တကူ ဈေးပေါပေါ ဖြင့်ရရှိနိုင်သောကြောင့် အလုပ်လက်မဲ့လူငယ်များနှင့် ရွှေ့ပြောင်းအလုပ်သမားအများအပြား မူးယစ်ဆေးစွဲနေ ကြသည်။ ဘိန်းဖြူ ထိုးသွင်းရာတွင် ဆေးထိုးအပ်အားမျှသုံးခဲ့ကြသောကြောင့် HIV/ AIDS ရောဂါနှင့် အသည်း ရောင်အသားဝါရောဂါကူးစက်မှုနှုန်း အင်မတန်မှမြင့်မားနေသည် ကိုတွေ့ရှိရသည်။

## နည်းနီသျှ

ကချင်ပြည်နယ်တွင်ကြုံတွေ့နေရသော မူးယစ်ဆေးကပ်ဆိုက်နေမှုနှင့် HIV/ AIDS ပြဿနာနှင့် ပတ်သက်၍ ကိုင်တွယ်နေမှုများအား တစ်စုတစ်စည်းထဲဖြစ်စေရန်နှင့် အနာဂတ်စီမံကိန်းများကို ဒေသခံလူများ၏ ထွက်ပေါ် လာနိုင်စေရန် USAID/ Burma/ Local workers Program နှင့်ကချင်ပြည်နယ်အခြေစိုက် ဦးဆောင်ကော်မတီ များမှ ဦးစီးပြီး သက်ဆိုင်ရာအဖွဲ့အစည်းများ စုံလင်စွာပါဝင်သော (၃)ရက်တာ အလုပ်ရုံဆွေးနွေးပွဲအား မေလ ၅ရက်မှ ၇ ရက်အထိ ကချင်ပြည်နယ်မြစ်ကြီးနားတွင် ကျင်းပပြုလုပ်ခဲ့သည်။ အလုပ်ရုံကြီးမှူးကျင်းပသူများမှ FHI 360 နှင့် USAID Economic Growth, Agriculture and Trade (EGAT) Bureau မှတီထွင်ကြံဆ ထားသော Whole System on The Room (WSR) ဆိုသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ ပြုလုပ်သည့်နည်းကို သဘော တရားမတူသည့် အဖွဲ့အစည်းများအကြား ပူးပေါင်းလုပ်ဆောင်မှုတိုးမြှင့်လာစေရန် ရည်ရွယ်၍ အသုံးပြုခဲ့သည်။

WSR အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များမှာ -

- မူးယစ်ဆေးဝါးနှင့် HIV/ AIDS ပြဿနာဖြေရှင်းရေးနှင့် ပတ်သက်၍ ကချင်ပြည်နယ်တွင် ဘုံအနာဂတ် မျှော်မှန်းချက်တစ်ခု ရှိလာစေရန်
- ယခုဖြစ်ပျက်နေသည့် အခြေအနေများကို သုံးသပ်ပြီး၊ ပြောင်းလဲသင့်သည့်အရာများကို အတူတကွ ဆုံးဖြတ်နိုင်ရန်
- မည်သည့်အရာကို အဘယ်သို့ပြုပြင်မည်ဟူသည့် ကနဦးစီမံကိန်းများကို စဉ်းစားနိုင်စေရန်
- ဘုံအနာဂတ်မျှော်မှန်းချက်သို့ တွန်းပို့ပေးနိုင်မည့် ရေတို(၃လ) ၊ ရေရှည် (၅နှစ်) လုပ်ငန်းစီမံကိန်းများကို အလေးပြုစဉ်းစားနိုင်စေရန်

လူ(၁၀၀) ကျော် (၃ရက်) တိုင်တိုင်ပြုလုပ်သောထိုအလုပ်ရုံဆွေးနွေးပွဲတွင် အတိတ်က အဖြစ်အပျက်များကို ပြန်လည်သုံးသပ်နိုင်ခဲ့ပြီး ယခုပစ္စုပ္ပန်တွင် အလေးထားပြုလုပ်သွားမည့် အချက်များကို ချမှတ်နိုင်ခဲ့သည်။ ရှေ့ဆက် လုပ်ဆောင်သွားမည့်စီမံကိန်းများနှင့် ပတ်သက်ပြီး ဘုံသဘောတူညီချက်များကိုလည်း ဆုံးဖြတ်နိုင်ခဲ့ သည်။

ပါဝင်ခဲ့သည့်လူဦးရေစာရင်းအားနောက်ဆက်တွဲ(က) တွင်ရှုပါ။

ဤ အစီရင်ခံစာ၏ ပထမနစ်ခန်းမှာ အုပ်စုလိုက်တင်ပြဆွေးနွေးသွားသော အချက်များကို စုစည်းပြီး ဘုံသဘောတူချက်နှင့် လက်တွေ့အကောင်အထည်ဖော်မည့် အစီအမံများ ပါရှိသည်။ ကျန်သုံးခန်းမှာ ကချင်ပြည်နယ်၏ မူးယစ်ပြဿနာအား အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူ၍ သုံးပိုင်းခွဲပြီး သုံးသပ်စေသည်။ ကိုယ်တိုင်စီမံခန့်ခွဲရသည့် လေ့ကျင့်ခန်းများ၏ မှတ်စုများနှင့် အကျဉ်းချုပ်များ ပါဝင်သည်။

ဘုံသဘောတူညီချက်- ကချင်ပြည်နယ်တွင်း မူးယစ်ဆေးဝါးပြဿနာများအား ကိုင်တွယ်ဖြေရှင်းရန် အစီအစဉ်

ဘုံသဘောတူညီချက်ဆိုသည်မှာ မြစ်ကြီးနားတွင် ကျင်းပခဲ့သော WRS အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သူ များ၏ စုပေါင်းဖော်ပြခဲ့သော ရည်မှန်းချက်နှင့် စုပေါင်းဆန္ဒကို ဆိုလိုသည်။ ဤဘုံသဘောတူညီချက်တွင် ပါဝင်သော အကြောင်းအရာများမှာ ပါဝင်သူများ၏ ဖော်ပြချက်များနှင့် ပါဝင်သူများအားလုံး သဘောတူထားသော ရည်မှန်းချက်များသာ ဖြစ်သည်။ အခြားသော ဖော်ပြချက်များကို ထည့်သွင်းထားခြင်းမရှိ။

ဒုတိယနေ့အဆုံးပိုင်းတွင် ပါဝင်သူများမှ အနာဂတ်ကချင်ပြည်နယ် မူးယစ်ပြဿနာ ကိုင်တွယ်ဖြေရှင်းရေးနှင့် စပ်လျဉ်းပြီး အချက်ကြီး ၆ချက်အား ဘုံသဘောတူညီချက် ရနိုင်ခဲ့သည်။ ကိုယ်တိုင်စီမံခန့်ခွဲရသော လေ့ကျင့်ခန်းများတွင် ပါဝင်သူများမှ တန်ဖိုးစံနှုန်း ၃ခုနှင့် မူဝါဒဆိုင်ရာပြောဆိုချက်များ၊ လက်တွေ့အကောင်အထည်ဖော်ရန် ရည်ရွယ်ချက် ၃ခုကိုလည်း ချမှတ်နိုင်ခဲ့ကြသည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

## တန်ဖိုးစံနှုန်းများနှင့် မူဝါဒ




" ကချင်ပြည်နယ်တွင်းမှီတင်းနေထိုင်နေသော ကျွန်ုပ်တို့သည် မူးယစ်ဆေးဝါး ပြဿနာအား လက်တွဲညီညီဖြင့် ကိုင်တွယ်ဖြေရှင်းရာတွင်၊ လူ့အခွင့်အရေးနှင့် လူထုတစ်ရပ်လုံးကျန်းမာ၊ ချမ်းသာပြီးဖွံ့ဖြိုးတိုးတက်ရေးအား တန်ဖိုးထား အလေးအမြတ်ပြုသည်။ ထို့အပြင် မူးယစ်ဆေးဝါးဆွဲနေသူများအား ခွဲခြားဆက်ဆံခြင်းမရှိမှု၊ မူးယစ်ကင်းစင်သော လူမှုအဖွဲ့အစည်းတည်ဆောက်မှုနှင့် ကချင်ပြည်နယ်တွင် တရားဥပဒေစိုးမိုးမှုတို့ကို တန်ဖိုးထားသည်။

ကျွန်ုပ်တို့သည် ကချင်ပြည်နယ်ရှိ လူထုတစ်ရပ်လုံး မူးယစ်ကင်းစင်သော လူမှုအဖွဲ့အစည်း တည်ဆောက်နိုင်ရန် စေ့စော်နိုင်သည့် သင်ရိုးညွှန်းတမ်းပြုစု နိုင်ရန်ရည်ရွယ်ရင်း ရှိသည်။ မူဝါဒဆိုင်ရာ

အကောင်အထည် ဖော်လုပ်ဆောင်မှုကို လူ့အခွင့်အရေး၊ ရုပ်တိတန်မှုနှင့် ကချင်ပြည်နယ်လူထု မိမိလူ့ အခွင့်အရေးကို ကျင့်သုံးနိုင်စေရန် ပံ့ပိုးကူညီမှုများတွင် အခြေခံသည်။

ယခုလက်ရှိတည်ဆဲဥပဒေကို ပြင်ဆင်ရန်အတွက် စီမံထားပါသည်။ ထိုအကြောင်းအရာမှာ မူးယစ်ဆေးဝါးရောင်းချမှုနှင့် ထုတ်လုပ်မှုကိုလျော့ချနိုင်ရန်ဖြစ်သည်။ ဘိန်းစိုက်တောင်သူများ အတွက် အစားထိုးသီးနှံများ စိုက်ပျိုးနိုင်မှုကို မြှင့်တင်နိုင်ရန် ရည်ရွယ်ထားပါသည်။

## စီမံကိန်းများနှင့် လုပ်ငန်းစဉ်များ

**"ပြန်လည်ထူထောင်ရေး။။** ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး ကျန်းမာသန်စွမ်းသော အဖွဲ့အစည်း ဖြစ်လာစေရန်၊ ဆေးသုံးစွဲခဲ့ဖူးသူများနှင့် သုံးစွဲနေဆဲလူများသည် ကာယ၊ စိတ်ပိုင်းဆိုင်ရာ ရှိင်းပင်း ထောက်ပံ့ကူသမှုများ လိုအပ်သည်။ ကျွန်ုပ်တို့သည် ဤကဲသို့သော အထောက်အပံ့များအပြင် မူးယစ်သားကောင်များအား ပြန်လည်ထူထောင်ရေး၏ တစ်စိတ်တစ်ဒေသဖြစ်သော သက်မွေးပညာ သင်ကြားပေးမည့် အစီအစဉ်ကို ဖော်ဆောင်ခြင်းဖြင့် ၎င်းတို့၏ မိသားစုစားဝတ်နေရေးနှင့် သက်သာ ချောင်ချိစေရန်ရွယ်သည်။

**ကာကွယ်ရေး။** ။ ကျွန်ုပ်တို့၏ မူးယစ်အန္တရာယ်ကြိုတင်ကာကွယ်ရေး သင်ရိုးညွှန်းတမ်းကို လူငယ်၊ လူကြီးနှင့် လူမျိုးစုံအား မူးယစ်အန္တရာယ်နှင့် ပတ်သက်ပြီး အမြင်ဖွင့်စေရန် လူမှုကွန်ယက်များမှ တစ်ဆင့်မျှဝေသွားမည်။ ဤနည်းဖြင့် လူထုတစ်ရပ်လုံးမူးယစ်အန္တရာယ်ကာကွယ်မှုတွင် ပါဝင်လာမည် ဟုမျှော်လင့်သည်။ လူငယ်များ အားကစားလုပ်ခြင်းဖြင့် မိမိကိုယ်မိမိယုံကြည်မှု၊ တန်ဖိုးထားမှုမြင့်တင် နိုင်မည်။ မိသားစုအတွင်းလိုအပ်နေသော ဆွေးထွေးမှုနှင့် အကြင်နာတရားရကြမည်။ လူငယ်များ မူးယစ် အန္တရာယ်မှ ကင်းလွတ်နိုင်ရန် ကျွန်ုပ်တို့သည် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်သွားရန် ရည်ရွယ်သည်။

**ကျန်းမာရေးဝန်ဆောင်မှု။** ။ ကျွန်ုပ်တို့သည် မူးယစ်ဆေးစွဲနေသူများအားလုံးကို ခွဲခြားဆက်ဆံမှု မရှိဘဲ ကျန်းမာရေးဝန်ဆောင်မှုပေးရန် ရည်ရွယ်သည်။ ကျွန်ုပ်တို့သည် မူးယစ်ဆေးဝါး နောက်ဆက်တွဲ ပြဿနာများကို လျှော့ချနိုင်ရန် မျှော်လင့်ပြီး၊ အားလုံးခံစားနိုင်မည့် ကျန်းမာရေးဝန်ဆောင်မှုများ ပေးနိုင် ရန်ရည်ရွယ်သည်။

## စီမံချမှတ်ခြင်း

(၃)ရက်မြောက်နေ့တွင် ဘုံသဘောတူညီချက်ရရှိပြီး မိမိ၏ သဘောဆန္ဒအလျောက် ပါဝင်ဖွဲ့စည်းထားသော အဖွဲ့ (၆)ခုမှ ဘုံသဘောတူညီချက်တွင် ပါရှိသောရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်မည့် ရေတို၊ ရေရှည် စီမံကိန်းများကို ချမှတ်ခဲ့ကြသည်။ ကနဦးအစီအစဉ်တွင် ပါဝင်သော ကော်မတီများ၊ ကော်မတီဝင်များနှင့် ၎င်း တို့လိုအပ်သောအရင်းအမြစ်များအား အောက်ပါအတိုင်း တွေ့ရှိနိုင်သည်။

### ၁။ စံနှုန်းများနှင့် ပေါ်လစီကော်မတီ

***ရေတိုစီမံကိန်းများ။*** ။ ပြန်လည်ထူထောင်ရေးစခန်းများတွင် ရှိနေသော မူးယစ်ဆေးသုံးစွဲနေသူများ၏ လူ့အခွင့်အရေးနှင့် မူးယစ်ဆေးသုံးစွဲခြင်း၏ ဘေးထွက်ဆိုးကျိုးများကို အမြင်ဖွင့်ပေးနိုင်မည့် ပညာပေးလူထု လှုံ့ဆော်မှုများကို ဆောင်ရွက်နိုင်ရန် အရပ်ဖက်နှင့် ဘာသာရေးအသင်းအဖွဲ့များနှင့် လက်ပွန်းတတီး ဆောင်ရွက်သွားရန်

***ရေရှည်စီမံကိန်းများ။*** ။ ပြန်လည်ထူထောင်မှုကို ခံယူနေသော မူးယစ်ဆေးသုံးစွဲနေသူများအား လိုက်လျောညီထွေဖြစ်သည့် ကုသရေးစင်တာများနှင့် ကူညီထောက်ပံ့မှုအခြေအနေကို ပိုမိုဖန်တီးနိုင်စေရန် အလုပ်ရုံဆွေးနွေးပွဲနှင့် အခြားသော လှုံ့ဆော်မှုများကို လုပ်ဆောင်သွားမည်။

***အဓိကလှုံ့ဆော်တိုက်တွန်းသူများ/ ကော်မတီဝင်များ။*** ။ Fr. Mung Mai (R.C.M), Lasang Brang Aung, Sr. Mung Lawt (M.D.M), Bishop Hkawng Ze, Sr. Zau Doi (R.C.M), L Hkawn Nan (KWU), Sr. Jelody (A.G.D.C 1), Hpaw Tsen Tang Gun (J.W.H), PHt. Htoi Bawk (W.M.R), Hkang Du Brang Shawng (K.B.C), Seng Awng, Htu Bu (Tanai R.C), Sr. Nhkang Pawlu (R.C), Sr. Min Seng (Putao), Sann Ra (K.W.U), Htoo Htoo Mung (M.D.H), Ngetident (MAM), Mg Tu (LW), Kyaw Li (MAM), Brang Shawng, Bawm Swang, Tan Lin (MAM)

***လိုအပ်သောအရင်းမြစ်များ။*** ။ ငွေကြေးအထောက်အပံ့၊ နည်းပညာအထောက်အပံ့၊ ဘာသာရေးအဖွဲ့များ၏ ပူးပေါင်းပါဝင်မှု၊ ကုသရေးစင်တာအဆောက်အအုံများ။

### ၂။ ပြန်လည်ထူထောင်ရေးကော်မတီ

***ရေတိုစီမံကိန်းများ။*** ။ အကူအညီလိုအပ်နေသော မူးယစ်ဆေးစွဲနေသူများ လက်ရှိပြန်လည်ထူထောင်ရေး စင်တာများမှ ရရှိနိုင်သော ဝန်ဆောင်မှုများ(စင်တာ/ လူနာအချိုး/ ကျွမ်းကျင်ပညာရှင်ဦးရေ/ ခန္ဓာဆိုင်ရာကုထုံး/ လက်မှုသင်တန်းများ/ မူးယစ်ဆေးစွဲနေသူအချင်းချင်း ရိုင်းပင်းကူညီမှု) စသည်များကို ပြန်လည်စီစစ်သွားရန်။

***ရေရှည်စီမံကိန်းများ။*** ။ မူးယစ်ဆေးစွဲနေသူများကို ပြန်လည်ထူထောင်မှုပေးနိုင်မည့် လက်မှုသင်တန်း ကျောင်းများဖွင့်လှစ်ပြီး စိတ်ပိုင်းဆိုင်ရာအကူအညီပေးမှု၊ စိုက်ပျိုးမွေးမြူရေး အတတ်ပညာ၊ စက်မှုပညာ၊ လက်သမားပညာ၊ ရောင်းဝယ်ဖောက်ကားရေးပညာနှင့် လူမှုအသိုင်းအဝိုင်းထဲတွင်ပြန်လည် ဝင်ဆံ့နိုင်ရန်ကူညီ လုပ်ဆောင်သွားမည်။ လူကောင်းပြန်ဖြစ်သွားသော မူးယစ်ဆေးစွဲသူများကို အလုပ်ပေးနိုင်မည့် လုပ်ငန်းရှင်များ နှင့် ပူးပေါင်းလုပ်ဆောင်သွားမည်။

***အဓိကလှုံ့ဆော်တိုက်တွန်းသူများနှင့် ကော်မတီဝင်များ။*** ***။*** Sr. Labang Gam Awng, Sr. Ting Ying, Sr. Hkun Naw, Sr. Ja Yaw, Srn. Hkawn Tawng, Sr. Zau Bawk, Rev. Drn Thein Oo, Rev. Zahkung Yaw Ting, Lahtaw Seng Myu, Hkawn Zau Jat, Nchyaw Naw Seng

***လိုအပ်သောအရင်းအမြစ်။*** ***။*** ခွင့်ပြုချက်၊ ကျောင်းအဆောက်အအုံ။ တတ်သိပညာရှင်များ၊ ဝန်ထမ်းများနှင့် သင်ထောက်ကူပစ္စည်း ကရိယာများ အတွက်ငွေကြေးအထောက်အပံ့၊ ဝန်ထမ်းများနှင့် သင်ထောက်ကူပစ္စည်းများအတွက် ငွေကြေးအထောက်အပံ့၊ လက်မှုဆိုင် ရာပစ္စည်းများနှင့် လက်တွေ့လုပ်ဆောင်ရန် နေရာ။

## ***၃။ ကြိုတင်ကာကွယ်ရေးကော်မတီ***

***ရေတိုစီမံကိန်းများ။*** ***။*** ကချင်ပြည်နယ်တွင် နယ်မြေသတ်မှတ်၍ ဘိန်းစိုက်တောင်သူဦးရေ၊ မူးယစ်ဆေးဝါး ထုတ်လုပ်သူဦးရေ၊ ဖောက်ကားသူဦးရေနှင့် သုံးစွဲသူဦးရေကိုလေ့လာရန်။ ရရှိလာသောအချက်အလက်များ အပေါ်အခြေခံ၍ တိုက်ဖျက်ရေးအဖွဲ့အစည်းများ ဘေးပတ်ဝန်းကျင်အဆင့်၊ ရပ်ရွာအဆင့်၊ မြို့နယ်အဆင့် စသည်ဖြင့်ဖွဲ့စည်းသွားပြီး မူးယစ်ကင်းစင်ရေး မဟာဗျူဟာချမှတ်ရန်။

***ရေရှည်စီမံကိန်းများ။*** ***။*** အထက်မှ အောက်၊ အောက်မှ အထက် လူထုဆက်သွယ်ရေးနည်းများ ကို မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်ပြီး လူထုအမြင်ပွင့်လာစေရန် လူထုစံပြပုဂ္ဂိုလ်များကိုရှာဖွေခြင်းနှင့် မြင့် တင်ခြင်းများ ပြုလုပ်ရန်။ ကြိုတင်ကာကွယ်ရေးအတွက် အနုသုခုမလမ်းကြောင်းများကိုလည်း အသုံးပြုသွားရန် နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ထုတ်လုပ်မှုခြင်းကို လူထုမှ ရှုံ့ချမှုများပြုလုပ်သွားရန်။

***အဓိကလှုံ့ဆော်တိုက်တွန်းသူများနှင့်မိတ်ဖက်များ။*** ***။*** Htu Raw(RCM), Ja Roi (RCM), Mary Lu Pan (RCM), Ja Bu (RCM), Nu Nu Aung (AKYU), Tu Mai (DPI), Lamai Ja Li Awng, Indawgyi, Rev. Ndu Zau Awn, Rev. Zatang Lum Ze, Naw Awng, Rev. Hkaw Bawm, Bp Fohn Zau Lai, Khan Mai, Slg Maran Gum Ja Naw

***လိုအပ်သောအရင်းအမြစ်များ။*** ***။***
နည်းပညာအထောက်အကူပြုသတင်းမီဒီယာနှင့်ဆက်သွယ်ရေးပညာရှင်များ မိတ်ဖွဲ့၊ ဝန်ထမ်းများအတွက် လစာ၊ ဆက်သွယ်ရေးပစ္စည်း။

## ***၄။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကော်မတီ***

***ရေတိုစီမံကိန်းများ။*** ***။*** ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ဆောင်မှုများကို နိုင်ငံရေး ဘောဂဗေဒနည်းအရ သုံးသပ်ထားမှုနှင့် မှန်ကန်သော အချက်အလက်ရှာဖွေရေး လုပ်ငန်းများလုပ် ဆောင်ရန်။ ဘိန်းအစားထိုးစိုက်ပျိုးရေးဆိုင်ရာဖိုရမ်၊ ဆွေးနွေးပွဲများတွင် ဘိန်းစိုက်တောင်သူများနှင့် အစိုးရထိ တွေ့ဆက်ဆံမှုပြုလုပ်ရန်။

***ရေရှည်စီမံကိန်းများ။*** ။ မူးယစ်ဥပဒေပြုပြင်ရေးအတွက် သုတေသန၊ မီဒီယာနှင့် ဘာသာရေးအဖွဲ့အစည်းများ ထောက်ခံမှုစသည့် အစိတ်အပိုင်းများ ပါဝင်သည့် အစိုးရဆိုင်ရာ advocacy/ engagement လုပ်ဆောင်သွားမည့် မဟာဗျူဟာ ချမှတ်အကောင်အထည်ဖော်ရန်။

***အဓိကလှုံ့ဆော်တိုက်တွန်းသူများနှင့် မိတ်ဖက်များ။*** ။ Sr. Nhkum Tang Gun, Sr. Lashu Brang Lat, Sr. Hpawnat Brang Nan, Sr. Laha Hkawng Lum, Sr. Galau Sau Bawm, Sr. James Zung Ding, Rev. Hpala Lum Hkawng, Shy. Chaw Zang Lum Naw, Shy. Hpau Dut Lu htoi.

***လိုအပ်သောအရင်းအမြစ်များ။*** ။ ရေးမှတ်ထားခြင်းမရှိပါ။

## ၅။ ကုသရေးကော်မတီ

***ရေတိုစီမံကိန်း။*** ။ မူးယစ်ဆေးအန္တရာယ်အမြင်ဖွင့် လုပ်ငန်းများလုပ်ဆောင်ရန်။ ဘိန်းစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ကူးသန်းရောင်းဝယ်ခြင်းများကို တားဆီးနိုင်ရန် အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကို ဆွေးနွေးနီးနှောသော နည်း ဖြင့် ထိတွေ့ဆက်ဆံသွားရန်။ မူးယစ်ဆေးစွဲနေသူများနှင့် မိသားစုဝင်များ ယခုရရှိနေသည့်စိတ်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကို သုံးသပ်သွားရန်။ မူးယစ်ဆေးစွဲနေသူများ အချင်းချင်းရိုင်းပင်းကူညီနိုင်မည့် အစီအစဉ်များကို ပံ့ပိုးသွားရန်။



Teams shared their action plans with others to build support and awareness of everyone's plans and ideas.

***ရေရှည်စီမံကိန်းများ။*** ။
ကျန်းမာရေးကော်မတီ၏အထောက် အပံ့ဖြင့် မြို့နယ်တိုင်းတွင် ကျန်းမာရေး စင်တာဖွဲ့စည်းနိုင်ရေးနှင့် သွားလာရန်ခက်ခဲသော ဒေသများတွင် ရွေ့လျားဆေးပေး ခန်းများ ဖွင့်လှစ်နိုင်ရန်။ စစ်ရှောင်စခန်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို တိုက်ရိုက်ဆက်သွယ်ပေးရန်။ မူးယစ်အန္တရာယ်နှင့် စပ်လျဉ်း၍ ပညာပေးသင်ခန်းစာများကို ကျောင်းသုံးသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းရန်။ ဘိန်းအစားထိုးသီနှံများ၏ ဈေးကွက်ဖော်ထုတ်ပေးရန်။

***(အဖွဲ့များအနေဖြင့် အခြားအဖွဲ့များ၏ စီမံကိန်းနှင့် အတွေးအမြင်များကို သိရှိနားလည်အထောက်အကူပြုနိုင်ရန် မိမိအဖွဲ့၏ ဆွေးနွေးချက်များကိုလည်း ဝေမျှခဲ့ကြသည်။)***

***အဓိကတိုက်တွန်းသူများ/ မိတ်ဖက်များ။*** ။ Sumlut Gam Ze, Aung Kyaw Zin, Seng Nu Pan, Seng Nu Pan, Lum Dai, Marip Aung, Sr. Naw lar, Dee Yaw Sar, Justina, Seng Nu Pan, Ko Mung Hkon, Sr. Tu Lum, Sr. Monica, Lu Aawn.

***လိုအပ်သောအရင်းအမြစ်။*** ။ ဝန်ထမ်း၊ ဆေးဝါးပစ္စည်း၊ သင်တန်း၊ အချက်အလက်၊ အစားအသောက်၊ နေရာ

### ၆။ မူးယစ်ပညာပေးကော်မတီ

***ရေတိုစီမံကိန်းများ။*** ။ မူးယစ်ပညာပေးသင်ခန်းစာများကို ကျောင်းသုံးသင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းနိုင်ရန်။ ဆရာ/မများနှင့် အလုပ်ရှင်များ၏ စိတ်ဝင်စားမှုနိုးကြားလာစေရန် လုပ်ဆောင်ခြင်း၊ ဖြစ်နိုင်သည့် အခွင့်အလမ်းများကို ရှာဖွေ၍ မဟာဗျူဟာချမှတ်ရန် အစိုးရအားအဆိုတင်သွင်းရန်။

***ရေရှည်စီမံကိန်း။*** ။ ဆရာဝန်များ၊ လူကောင်းဖြစ်ပြီဖြစ်သော မူးယစ်ဆေးစွဲခဲ့ဖူးသူများ၊ အခြားသော ပုဂ္ဂိုလ်များ၏ လက်ရှိဖြစ်ပေါ်နေသော မူးယစ်ပြဿနာအပေါ်၎င်း တို့၏အမြင်သဘောထား၊ ပြန်လည်ထူထောင်ရေးစင်တာများတွင် ကြုံတွေ့ခဲ့ရဘူးသော ၎င်းတို့၏အတွေ့အကြုံနှင့် မူးယစ်ဆေးစွဲနေသူများ၏ အမြင်များကို စုစည်းရန်။ သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် ဆရာ/မများ၊ ဆရာဝန်များနှင့် မူးယစ်ဆေးစွဲသူများကို ပါဝင်စေရန်။

***အဓိကတိုက်တွန်းသူများ/ မိတ်ဖက်များ။*** ။ Joseph (Light Mission)

***လိုအပ်သောအရင်းအမြစ်များ။*** ။ ရေးမှတ်ထားခြင်းမရှိပါ။

ဤစီမံကိန်းများမှ ကနဦးအဆင့်တွင်သာ ရှိကြသေးသည်။ WSR ပါဝင်သူများအစပြုထားခဲ့သော ဤကနဦးစီမံကိန်းလေးများမှာ နောင်တွင် စီမံကိန်းကြီးများဖြစ်လာနိုင်သည်။ ကချင်၏မူးယစ်ပြဿနာအား အဖြေရှာချင်သည့် အခြားအဖွဲ့အစည်းများအတွက်လည်း အထောက်အပံ့ဖြစ်နိုင်သည်။

## ကိုယ်တိုင်စီမံခန့်ခွဲရသော လေ့ကျင့်ခန်းများ

ဤ ကဏ္ဍတွင် ကချင်ပြည်နယ်၏ မူးယစ်ပြဿနာအား အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ခွဲခြမ်းသုံးသပ်ချက်များလည်း ပါဝင်သည်။



Participants recorded significant events from their personal lives, the global context and the context of drug use in Kachin.

### အတိတ်ကို အာရုံပြုခြင်း (ပထမနေ့)


ပါဝင်သူများမှ ကချင်မူးယစ်ပြဿနာ၊ ကမ္ဘာ့မူးယစ်ပြဿာ နာနှင့် ကိုယ်တွေ့မူးယစ်ပြဿနာများကို နားလည်နိုင်ရန်နှင့် တူညီသော ဘုံနားလည်မှုရရှိစေရန် ရက်စဉ်သမိုင်း အားပြုစုခဲ့ကြသည်။ စုပေါင်းအဖွဲ့(တစ်ဖွဲ့မှ တစ်ဦးစီကျ ပါဝင်) မှ ပါဝင်သူများ၏ နောက်ခံအကြောင်းအရာနှင့် ဖြစ်စဉ်များကိုရှင်းပြနိုင်မည့် တင်ပြချက်များကို ပြုစုခဲ့ကြသည်။

ကမ္ဘာ့ဖြစ်စဉ်သမိုင်းများတွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ထူးခြားကမ္ဘာ့အဖြစ်အပျက်များနှင့် မှတ်တိုင်များကို ရေးသားမှတ်တမ်းတင်ခဲ့ကြသည်။

စုပေါင်းအဖွဲ့၏ တင်ပြချက် မူးယစ်ဆေးဝါးရရှိမှုပိုမိုများပြားလာပြီး နိုင်ငံတော်အစိုးရများ မူးယစ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပိုမိုပါဝင်လာကြသည်ကို တွေ့ရှိရပါသည်။


ကချင်ပြည်နယ်မူးယစ်ဆေးစွဲမှုဖြစ်စဉ်ကဏ္ဍတွင် ကချင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ထူးခြားဖြစ်ရပ်များနှင့် အထင်ကရ ဖြစ်စဉ်များကို ဖော်ပြထားသည်။

## ကမ္ဘာ့ဖြစ်စဉ်




## ကချင်ပြည်နယ်ရှိ မူးယစ်ဆေးဝါးသုံးစွဲမှုဖြစ်စဉ်သမိုင်း

မိရိုးဖလာအရ၊ ဓလေ့ထုံးတမ်းဆေးဝါးအရသုံးစွဲလာသော ဘိန်းမှ ပိုမို၍ အန္တရာယ်များသော၊ ပြင်းထန်သော မူးယစ်ဆေးဝါးအရသုံးစွဲမှုပုံသဏ္ဍာန်သို့ပြောင်းသွားသည်ကို မီးမောင်းထိုးပြထားသည်။ ၎င်း ပိုမိုပြင်းထန်သော




မူးယစ်ဆေးဝါးကို ခက်ခဲသောအခြေအနေများကို ဖြေဖျောက်နိုင်ရန်သုံးစွဲကြသည်ကိုလည်း တွေ့ရှိရပြီး၊ မိသားစု နှင့် လူမှုအသိုင်းအဝိုင်းကို ထိခိုက်စေမည့် စွဲလန်းစေသော အရာများလည်းပါဝင်သည်ကို တွေ့ရှိရသည်။

ကိုယ်တွေ့ရက်စဉ်သမိုင်းကို နောက်ဆက်တွဲတွင်တွေ့ရမည်။ ၎င်းကဏ္ဍတွင် တစ်ဦးနှင့်တစ်ဦး၏ ကိုယ်တွေ့ဖြစ်စဉ် များကို နီးနှောဖလှယ်နိုင်ရန် ၁၉၉၀ခုနှစ်မှ ယနေ့အထိဖြစ်ပျက်ခဲ့သော ကိုယ်တွေ့ဖြစ်စဉ်များနှင့် ထူးခြားဖြစ်စဉ် များအားမှတ်တမ်းတင်ထားနိုင်သည်။ ၎င်းသို့ပြုလုပ်ခြင်းဖြင့် ပါဝင်သူများအား တူညီသော ကမ္ဘာ့ဖြစ်စဉ်နှင့် ဒေသ ဖြ ဖစ်စဉ်များကို သတိမူမိကြစေရန်ဖြစ်သည်။

**ပစ္စုပ္ပန်ကို အာရုံပြုခြင်းအတွေးမြေပုံနှင့် အဓိကအကြောင်းအရာများ (ပထမနေ့)**

ကချင်ပြည်နယ်၌ လက်ရှိဖြစ်ပေါ်နေသော မူးယစ်ပြဿနာများနှင့် စပ်လျဉ်း၍ အကြံဉာဏ် ထုတ်ဆွေးနွေးနိုင်ရန် အစဉ်လိုက်စီတန်းထားသော ထိုင်ခုံများတွင် ထိုင်၍ဆွေးနွေးခဲ့ကြသည်။ ပါဝင်သူများအား ဖြစ်စဉ်များကို ဥပမာနှင့် တကွဖော်ပြရန် တိုက်တွန်းခဲ့သည်။ ဤ ဖြစ်စဉ်များကို နံရံကပ် စက္ကူကြီးတွင် မှတ်တမ်းတင်ခဲ့ကာ၊ " အတွေးမြေပုံ" ဖော်ပြထားသည်။ ၎င်းတွင် ပါဝင်သော ဖြစ်စဉ်များကို နောက်ဆက်တွဲ




(ဂ)တွင် ဖော်ပြထားသည်။

The Mind Map is the collective view of Drug Use in Kachin in the present day. Stakeholder

ပါဝင်သူများအနေဖြင့်

ထူးခြားဖြစ်စဉ်များအားလုံးအား မှတ်တမ်းတင်ထားမှုပြုပြီး သက်ဆိုင်ရာအဖွဲ့မှ မည်သည့်အကြောင်းအရာကို ပိုမိုအလေးထားသည်ကို သိနိုင်ရန် အဖွဲ့နှင့် သက်ဆိုင်သော အရောင်စက်များဖြင့် ကပ်စေခဲ့သည်။ ခြုံငုံသုံးသပ်ရလျှင် ပါဝင်သူများ အလေးအထားဆုံးအချက် (၅) ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကချင်ပြည်နယ်တွင် တရားဥပဒေစိုးမိုးမှုကျဆင်းလာခြင်း (အစက်များ၏ ၁၄%)

၂။ လူမှုဝန်ထမ်းများအကျင့်ပျက်ချစားမှုတိုးမြင့်လာခြင်း (၈%)

၃။ အစိုးရနှင့် အရပ်ဖက်အုပ်ချုပ်ရေးညှိဖျင်းလာခြင်း (၈%)

၄။ အမျိုးသမီးအိမ်ထောင်ကျသူဦးရေ တိုးမြင့်(၅%)

၅။ အစိုးရမှ မူးယစ်ဆေးဝါးအား လူမျိုးသုန်းချေမှုန်းရေး လက်နက်အနေဖြင့် သုံးစွဲနေသည်ဆိုသည့် အမြင်များပြားလာခြင်း (၅%)

သက်ဆိုင်ရာအဖွဲ့များမှတင်ပြသော အရေးအကြီးဆုံးအကြောင်းအရာများ

| သက်ဆိုင်ရာအဖွဲ့ | အကြောင်းအရာ |
|---|---|
| ဘာသာရေးအဖွဲ့အစည်းများ (၁၄၆ စက်) | တရားဥပဒေစိုးမိုးမှုကျဆင်းလာခြင်း (၂၁)<br>အကျင့်ပျက်ခြစားမှုများပြားလာခြင်း (၁၈)<br>အုပ်ချုပ်ရေးညှိဖျင်းလာခြင်း (၁၃) |
| မူးယစ်ဆေးသုံးစွဲသူများနှင့် မိသားစုဝင်များ (၆၅ စက်) | မူးယစ်အန္တရာယ်လျှော့ချရေးအစီအစဉ်များ တိုးမြင့်ခြင်း (၁၀)<br>မူးယစ်တိုက်ဖျက်ရေးကြိုးပမ်းမှုများတွင် ရဲပါဝင်မှုလျော့နည်းလာခြင်း (၇)<br>အစိုးရနှင့် အရပ်ဖက်အုပ်ချုပ်ရေး အားနည်းလာခြင်း (၆) |
| ကချင်လူငယ် (၄၁ စက်) | ထောင်တွင်အကျဉ်ချခံရသော အမျိုးသမီးဦးရေတိုးပွားလာခြင်း (၁၂)<br>အစိုးရနှင့် အရပ်ဖက်အုပ်ချုပ်ရေး အားနည်းလာခြင်း (၇)<br>အစိုးရမှ မူးယစ်ဆေးဝါးအား လူမျိုးသုန်းလက်နက်သဖွယ် သုံးစွဲနေသည်ဆိုသည့် အမြင်ပိုမိုများပြားလာခြင်း (၆) |
| စီးပွားရေးအုပ်စု (၁၄ စက်) | မူးယစ်တိုက်ဖျက်ရေးကြိုးပမ်းမှုများတွင် အစိုးရပါဝင်မှုလျော့နည်းလာခြင်း (၃)<br>နောင် အနာဂတ်လူငယ်ခေါင်းဆောင်ဦးရေလျော့နည်းလာခြင်း (၂)<br>မူးယစ်ကုန်ကူးမှုများတွင် တပ်မတော်ပါဝင်နေခြင်း (၂) |
| ကချင်လူထု (၅၂ စက်) | တရားဥပဒေစိုးမိုးမှုကျဆင်းလာခြင်း (၁၄)<br>လူမှုဝန်ထမ်းများပိုမို အကျင့်ပျက်ခြစားလာခြင်း (၇)<br>ပြန်လည်ထူထောင်ရေးစင်တာများ လျော့နည်းလာခြင်း (၆) |

| | |
|---|---|
| သုတေသီများနှင့် အရပ်ဖက်အဖွဲ့ အစည်း (၆၇ စက်) | တရားဥပဒေစိုးမိုးမှုကျဆင်းလာခြင်း (၁၅)<br>အမျိုးသမီးမူးယစ်ဆေးဝါးသုံးစွဲသူဦးရေတိုးမြင့်လာခြင်း (၉)<br>လူမှုဝန်ထမ်းများပိုမို အကျင့်ပျက်ခြစားလာခြင်း (၇) |
| မီဒီယာ (၁၆ စက်) | မူးယစ်ကုန်ကူးမှုတွင် တပ်မတော်ပိုမိုပါဝင်လာခြင်း(၅)<br>အိမ်ထောင်ဦးစီးမူးယစ်ဆေးစွဲသူဦးရေ တိုးမြင့်လာခြင်း (၉)<br>ပဋိပက္ခကိုနိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာမှုလျော့နည်းလာခြင်း (၂) |
| တိုင်းရင်းသားအဖွဲ့ များ (၃၃ စက်) | တရုတ်၏ စီးပွားရေးလုပ်ငန်းများတိုးမြင့်လာခြင်း (၄)<br>မူးယစ်တိုက်ဖျက်မှု ကြိုးပမ်းရေးတွင် အစိုးရပါဝင်မှုလျော့နည်းလာခြင်း (၄)<br>မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သုံးစွဲမှုလျော့ချနိုင်ရန်ကြိုးပမ်းမှုအားနည်းလာခြင်း (၄) |
| ကျန်းမာရေးအဖွဲ့ များ (၇၅ စက်) | တရားဥပဒေစိုးမိုးရေးကျဆင်းလာခြင်း (၁၆)<br>အစိုးရမှ မူးယစ်ဆေးဝါးအားလူမျိုးသုန်းလက်နက်သဖွယ် သုံးစွဲနေသည် (သို့) ဆိုးသည့်အမြင်ပို မိုများပြားလာခြင်း (၈)<br>မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် HIV/ AIDS ကူးစက်မှုပိုမိုများပြားလာခြင်း (၈) |

**ပစ္စုပ္ပန်ကိုအာရုံပြုခြင်း အဓိကအကြောင်းအရာများ (ဒုတိယနေ့)**



ပါဝင်သူများမှ အတွေးမြေပုံအား ဖော်ထုတ်အပြီး မိမိအဖွဲ့အသီးသီးအရေးကြီး အချက်အလက်များအား ထုတ်ဖော်ဆွေးနွေးခဲ့ကြသည်။ ဤလေ့ကျင့်ခန်း၏ ရည်ရွယ်ချက်မှာ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အဓိက ထင်မြင်ယူဆချက်များကို သိရှိနိုင်ရန်နှင့် ၎င်းတို့လုပ်ဆောင်နေသည့်လုပ်ငန်းနှင့် နောင်တွင် လုပ်ဆောင်ရန် ဆန္ဒရှိသည့် လုပ်ငန်းများကို သိရှိနိုင်သည်ဖြစ်သည်။

**အနာဂတ်အတွက် အစီအမံချခြင်း (ဒုတိယနေ့)**

အစီအစဉ်မှူးမှ ပါဝင်ဆွေးနွေးသူများအား ၂၀၂၉ တို့ရောက်ရှိနေသည်ဟု မြင်ယောင်စေပြီး ယခုWSR အလုပ်ရုံဆွေးနွေးပွဲအား မြင်ယောင်စေသည်။

ကချင်ပြည်နယ်မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး ၁၀နှစ်ကြာ လုပ်ဆောင်ခဲ့ပြီး ဖြစ်၍ အလွန်တိုးတက်ခဲ့ပြီဖြစ်သည်။ ဤအချိန်ကာလတွင်း မည်သို့ အောင်မြင်မည့် အကြောင်းများမှာ စုပေါင်းဆွေးနွေးမည့်အပေါ်တွင် မူတည်မည်။ သူတို့၏ ရည်မှန်းချက်ဖြစ်သော မူးယစ်ပြသာနာ ကင်းစင်ရေးနှင့် မူးယစ်သားကောင်များအား ကူညီဖေးမရေးကို အကောင်ထည်ဖော်နိုင်ခဲ့သည်။ထို့ကြောင့် ဤအဆင့်သို့ရောက်ရှိနိုင်ရန် အဖွဲ့တစ်ခုချင်းစီမှ ဆွေးနွေးစေခဲ့သည်။

၎င်းတို့လွန်ခဲ့သော အချိန်တွင်ပြုလုပ်ခဲ့သော အရာများနှင့် မတူသော အသစ်ဖြစ်သော အရာများရှိပါသလား။ သူတို့အား ရည်မှန်းချက်ကြီးကြီးထားရန်၊ အသစ်အသစ်သော အတွေးအမြင်များရှိရန်၊ ဘောင်အပြင်ဘက်မှ တွေးတတ်ရန်နှင့် စိတ်ကူးဉာဏ်ကွတ်မြူးနိုင်ရန် အားပေးခဲ့သည်။ အဖွဲ့အသီးအသီးမှ ၎င်းတို့၏ အတွေ့အကြုံအား ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် တင်ပြဆွေးနွေးခဲ့သည်။ (ပြဇာတ်တို၊ အင်အာဗျူး၊ ပြဇာတ်၊ သီချင်းနှင့် ရေဒီယိုတင်ဆက်မှု စသည့် ပုံသဏ္ဍာန်အမျိုးမျိုး ) အနာဂတ်အကြောင်းအရာများအား ဆွေးနွေးရန် တွင် ဤအလုပ်ရုံဆွေးနွေးပွဲ၌ ဘုံရည်မှန်းချက်နှင့် လက်တွေ့အကောင်အထည်ဖော်မည့် အစီအမံများကို ချမှတ်နိုင်ခဲ့သည်။ ဆွေးနွေးပွဲရလဒ်ကို ဤအစီရင်ခံစာ၏ အစောပိုင်းတွင် တင်ပြထားပြီဖြစ်သည်။



Stakeholder groups developed reports outlining what they are currently doing, what they are not doing and what they wish they could do to

နောက်ဆက်တွဲ

(က) ပါဝင်သူစာရင်းနှင့် ဆက်သွယ်ရန်အချက်အလက်

| | Name | Organization | Phone # | Email |
|---|---|---|---|---|
| | **Media, Politics, Lawyer** | | | |
| 1 | M. Gum Ja Naw | Kachin Democratic Institute | 09-793407092 | nawmein@yahoo.com |
| 2 | M Khum Mai | Kachin Democratic Institute | 09-793486277 | |
| 3 | L.Brang Lat | Tang Hpre RCM | 09-259426055 | |
| 4 | Mr. Gannes | GNA Legal service Ltd | | gannestiasnet123@gmail |
| 5 | Mr Soe Win | Gurkha Youth | | |
| 6 | Bawm Ying | WMR | 09-790772504 | |
| 7 | Maran Ja Seng Hkan | KSP | 09-5026953 | maranjshk@gmail.com |
| 8 | Sr Naw Lar | RC | 09-47005500 | |
| 9 | Hpt Htoi Bauk | WMR | 09-259710624 | |
| 10 | Hpaw Tsen Tang Gum | JWH (Ma Deng). NK | 09-9765432706 | |
| 11 | La Wawm | Myitkyina ginwary | 09-9792072620 | |

| | | | | |
|---|---|---|---|---|
| | **Religious Organizations** | | | |
| 12 | Jelody | AG0DC(1) | 09-43022039 | |
| 13 | Deyow SA | AG-DC (1) | 09-258163120 | |
| 14 | Marylapan | R.C | 09-770816173 | |
| 15 | Ja Gu | R.C | 09-456604772 | |
| 16 | Paul Tu Rawl | R.C | 09-43116970 | |
| 17 | Rev.Hpala Lun Hkawng | KBC | 09-788695268 | |
| 18 | Rev Hkaung DaBrang Shawng | KBC | 09-790762035 | |
| 19 | Bishop Khaung Ze | COG | 09-43022448 | |
| 20 | Joseph | Light Missison | 09-253357404 | |
| 21 | Hpt. Gawlu Htu Lun | WMR | 09-400039851 | |
| 22 | Hpt Sum Lut Gan Ze | KBBC | 09-770300126 | |
| | **Research and Local NGOs** | | | |
| 23 | Dang seng Lum | KRC | 09-781437639 | dangsenglaum@gmail.com |
| 24 | Sr Mg Tu | New Wings Rehablitation center | 09-421577529 | |

| | | | | |
|---|---|---|---|---|
| 25 | L. Hkawn Nan | Kachin Women Union | 09-200201904 | |
| 26 | Min Seng | NamShani organization | 09-266424992 | Hpzminseng101@gmail.com |
| 27 | Tu Mai | DAI_MKN | 09-421743819 | ZaHkwg_tumai@dai.com |
| 28 | Tu Lum | WZH | 09-4444027948 | |
| 29 | Fransic Zau Tu | HI | 09-774847741 | fransiczautu@gmail.com |
| 30 | Jaw Doi | KBC | 09-400003167 | |
| 31 | N-Hkang Paw Lu | RCM | 09-440084026 | |
| 32 | U Zau Bawk | LDO | 09-259445071 | |
| | **Business** | | | |
| 33 | Justina | PutaO snowland Agarwook | | Justinajue@gmail.com |
| 34 | Seng Hkum | Green Xingrar Eco Travel and Tour | 9259077469 | hpaunasanghkum@gmail.com |
| 35 | Mung Reing la | myneT soultion | 09-772394369 | mungringla@mynetsolutions.net |
| 36 | Min Naing | MCEA Kachin | 09-788788188 | ceo@mid.com.mm |
| 37 | Tu Ring Maran | MCEA Kachin | 09-2001427 | turing@gmail.com |

| | | | | |
|---|---|---|---|---|
| 38 | Ko Maung Khant | MCEA Kachin | 09-790763603 | maungkhantmkn@gmail.com |
| 39 | Sumlut Tu Aung | KBC | 09-261388565 | sumluttoaung33@gmail.com |
| 40 | Labang Nu Nu Awng | AKYU | 09-682604274 | nunuaunglabang@gmail.com |
| 41 | Gnau Hkaw Bawmm | Sadaung | 09-795544582 | |
| | **Kachin Citizens** | | | |
| 42 | Mung Zet | RC | 09-265873546 | mungzet05@gmail.com |
| 43 | Hkun Naw | RC | 09-404257224 | |
| 44 | Rev. Hkaw Bawm | KBC | 09-4400884122 | |
| 45 | Rev. Q Dau Hkawng | KBC | 09-793907153 | ngabaid1975@gmail.com |
| 46 | SLg. Ting Ying | KBC | 09-790970235 | stingying@gmail.com |
| 47 | Lahtaw Seng Myo Aung | KBC | 09-782616609 | suttsawmlahtaw@gmail.com |
| 48 | Galau Sau Bawm | KBC | 09-782981211 | shbawm.galau@gmail.com |
| 49 | Bosco Zau Doi | RC | 09-790685749 | zaudoiedgar89@gmail.com |

| | | | | |
|---|---|---|---|---|
| 50 | Bawm Sau | RC | 09-791150121 | |
| 51 | Nchyaw Naw Seng | WMR | 09-36067969 | |
| | **Religious Organizations** | | | |
| 52 | Sr. monica | Hope center (RCM | 09-760585407 | |
| 53 | G. Hkawn Tawng | Hope center (RCM | 09-400046083 | |
| 54 | Sara Naw Awng | R.C | 09-458416481 | |
| 55 | Sr, Kareng Brang Shawng | KBC | 09-265706572 | |
| 56 | Laha Hkawng Lum | WMR | 09-790322612 | |
| 57 | Labang Gam Awng | WMR | 09-771448606 | |
| 58 | Rev. Ohn Thein Oo | KBC | 09-62197245 | |
| 59 | Rev. Dau Lum | AOG | 09-440225709 | |
| 60 | Rev. Lum Dau | AOG | 09-400036268 | |
| 61 | Rev. Zahkung Yaw Ting | WMR | 09-47005510 | |
| 62 | Sr. Hpaunat Brang Nan | KBC | 09-770025029 | |


| | | | | |
|---|---|---|---|---|
| 63 | Sara Nhkum Tang Gum | WMR | | |
| 64 | Bawn Hkaw | Bawathit center | 09-791797793 | |
| | **Ethnic and Cultural Groups** | | | |
| 65 | La Hkrang AwngHkam | Jinghpaw Cultrual | 09-400040922 | akham8003@gmailc.om |
| 66 | U Zung Bawn | Lachid Culural | 09-2402308 | |
| 67 | U Lum Ze | Lhavo cultural | 094710 4994 | |
| 68 | Htingnan Yaw Sam | Kachin cultural | 09-47035699 | yawhtingnan@gmail.com |
| 69 | U Mading Ting Chang | Lachid Culural | 09-790755844 | |
| 70 | Rev. Dr Zaw Tu | ICM | 09-440000624 | |
| 71 | Bishop Set Nawng | ICM | 09-793071746 | |
| 72 | Bishop John Zauli | Anglican | 09-777429338 | johnzauli@gmail.com |
| 73 | Rev. John Ja Naw | Anglican | 09-784225294 | |
| 74 | Rev Nbu Zau Awng | Anglican | 09-781662867 | |
| 75 | SLg. Marip Awng | Anglican | 09-400004156 | |
| 76 | Lamai ja Li Awng | Anglican | 09-401547309 | |

| | | | | |
|---|---|---|---|---|
| 77 | Ngagyang Seng Awng | KBC | 09-400046486 | |
| 78 | Htu Bu | R.C | 09-440006387 | |
| | **Youth and Women Groups** | | | |
| 79 | Mung Myit Sann Ra | Kachin Women Union | 09-400022957 | sannra2017@gmail.com |
| 80 | Fr.John Mung Mai | Myitkyina Diocese | 09-401797311 | mungmai18@gmail.com |
| 81 | Myu Jat Awng | Akyu | 09-766730459 | |
| 82 | Ja Yaw | Ram Hkye Shalat | 09-427254688 | shahoiJaYa@gmail.com |
| 83 | Ja Awng | Htoi Gender | 09-265539489 | jaawng92@gmail.com |
| 84 | Lu Awn | Htoi Gender | 09-786163958 | Luawng21@gmail.com |
| 85 | Kyang Ze | Akyu | 09-777894151 | luksingahze@gmail.com |
| 86 | Lum Naw | Akyu | 09-696170843 | lumnawchawzang@gmal.com |
| 87 | Hpaudut Lu Htoi | Akyu | 09-424381148 | hpaudutluhtoi@gmail.com |
| 88 | Nyein Chan Thu | YMCA | 09-790730923 | Inyeinchan@gmail.com |
| 89 | **Drug users and their families** | | | |

| | | | | |
|---|---|---|---|---|
| 90 | La Ja | LAC | 09-403628693 | |
| 91 | Htoo Htoo Maung | | 09-894969429 | |
| 92 | Shwe Zin Aye | | 09-26659288 | |
| 93 | Tu Mai | AHRN | | |
| 94 | Myo Thu Kyaw | AHRN | | |
| 95 | Dr. Aung Kyaw Lin | MAM | 09-972656925 | |
| 96 | Jaw Li | MAM | 09-9681180581 | |
| 97 | Ngwa Ti Duet | MAM | 09-458423394 | |
| | **Health Organizations** | | | |
| 98 | Than Lin | MDM | 09-404016032 | thanlin.star@gmail.com |
| 99 | Mohn Lodd | MDM | 09-400058324 | cmo.hopin.com |
| 100 | Hkwan Zet | Metta Development Foundation | 09-400037170 | |
| 101 | Seng Nu Re | Metta Development Foundation | 09-790415094 | |
| 102 | Hpala Lum Dai | Metta Development Foundation | 09-779534001 | |
| 103 | Seng Nu Pan | MDM | 09-400026511 | cmo.mkn.mdmmyanmar@gmail.com |

| | | | | |
|---|---|---|---|---|
| 104 | Seng Nu NU Pan | Metta Development Foundation | 09-445863727 | |
| 105 | Ja Roi | RCM | 09-400031594 | sdmyjroi@gmail.com |
| 106 | Htu Raw | RCM | 09-400050899 | kjhturaw@gmail.com |
| 107 | Awng Lat | RCM | 09-440000266 | |
| 108 | Kyaw Min Thant | AHRN | 09-450543989 | kyawminthant1991@gmail.com |
| 109 | Hpawdaw Naw Htoi | HI | 09-793810994 | mulinaw.mhk@gmail.com |

## (ခ) ရက်စဉ်သမိုင်း


Personal Events
Witnessed growing number of opium poppy farms in vicinity of my village
I was growing poppy when the KIA launched an offensive against opium poppy farms - lost my savings/wealth
I grew opium for personal consumption (did not understand consequences)
Only opium was available in my village
Opium was everywhere in my village.
Lost fortune and property due to opium use.
I started taking care of my uncle who had HIV/AIDS (I was afraid of getting infected)
I started to witness domestic violence rise in my village
I got involved in HIV/AIDS treatment and prevention work
I started to see overdose cases in the village
I witnessed a drug addict cut his hand while trying to break through the roof of a rehabilitation center
I witnessed a boy die of an overdose on the toilet in my village
1990
2000
2010
Started farming as my business
I got involved in border trade
My whole village grew poppy. Had to flee to border.
I started feeling sympathy for heroin users
I started noticing heroin users in families
My father left the area to wane himself from drug addiction. We rarely saw him.
I keep seeing many drug users and dealers in Myitkyina

**(ဂ) အတွေးမြေပုံပြ စာရွက်ယူရန်**

https://docs.google.com/spreadsheets/d/1ZRmb6jTFBmufCkkROKFnl5l41t5RVakD8aXPtiCHlcY/edit?usp=sharing

## (ဃ) အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်

# Kachin Uniting for a Future without Drug Use

**အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်**

*မေလ ၇ ရက်မှ ၉ ရက် | Agape Hotel*

ယခုဆွေးနွေးပွဲသည် မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု နှင့် ဆက်စပ်သည့်ရောဂါများ ပပျောက်ရန်အတွက် အတူတကွ ပူပေါင်းပြီး စေ့စေ့စပ်စပ် စဉ်းစားချင့်ချိန်ဆွေးနွေးမှုပြုလုပ်နိုင်ရန် နှင့်နည်းလမ်းများကို တီထွင်ကြံဆနိုင်ရန် ရည်ရွယ်ထားသည်။

**အင်္ဂါနေ့၊ မေလ ၇ ရက်၊ ၂၀၁၉**

ညနေ ၁း၀၀ - ၂း၀၀ နာရီ **ကြိုဆိုခြင်း၊ အစီအစဉ်အား ရှင်းလင်းတင်ပြခြင်း** -- *Robert Kelly USAID/Burma, Advisory Committee Member, Riley Abbott and local facilitator*

ညနေ ၂း၀၀ - ၄း၀၀ နာရီ **အစီအစဉ် (၁)။ အတိတ်အားပြန်လည်ဆန်းစစ်ခြင်း** -- *အဖွဲ့ဝင်များ ရောနှောပါဝင်သည့် လုပ်ရှားမှု*

ရည်ရွယ်ချက်။ တူညီတဲ့သမိုင်းကိုအသိအမှတ်ပြုလေးစားရန် နှင့် မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ယခင်ကလုပ်ဆောင်ခဲ့သည့် အကြောင်းအရာများပြန်လည် စဉ်းစားဖော်ထုတ်ရန်ဖြစ်သည်။

ညနေ ၄း၀၀ နာရီ *ခဏရပ်နားချိန်*

ညနေ ၄း၀၀ - ၆း၀၀ နာရီ **အစီအစဉ် (၂)။ လက်ရှိဖြစ်ရပ်ကို အာရုံစိုက်ခြင်း**(Mind Mapping) -- *အဖွဲ့အားလုံးပါဝင်ဆွေးနွေးရန်*

*ရန်ရွယ်ချက်။ ကချင်ပြည်နယ်တွင် မူးယစ်ဆေးသုံးစွဲမှုကို ဖြစ်စေသည့် အကြောင်းရင်းခံ များကို နားလည်ရန် နှင့် လူတိုင်း၏ တူညီသောခံစားနားလည်မှု အသံလွှင့်တင်နိုင်ဖို့ အကူအညီပေးရန်ဖြစ်သည်။*

ညနေ ၆း၀၀ နာရီ *ပထမနေ့ အစီအစဉ်ပြီးဆုံး*

**ဗုဒ္ဓဟူးနေ့၊ မေလ ၈ ရက်၊ ၂၀၁၉**

နံနက် ၈း၃၀ - ၁၂းဝဝ နာရီ **လက်ရှိဖြစ်ရပ်ကို အာရုံစိုက်ခြင်း** (ပြန်ဆက်ရန်)

နံနက် ၁၀း၁၅ မှ ၁၀း၃၀ နာရီ *ခဏရပ်နားချိန်*

နေ့လည် ၁၂းဝဝ နာရီ **အစီအစဉ် (၃)။ အနာဂတ်ကို မျှော်တွေးခြင်း** -- *အဖွဲ့ဝင်များ ရောနှောပါဝင်သည့် လုပ်ရှားမှု*

*ရည်ရွယ်ချက်။ အားလုံးလိုချင်တဲ့ အနာဂတ်ကို မြင်ယောင်ကြည့်နိုင်ရန် ဖြစ်သည်။*

နေ့လည် ၁၂း၃၀ - ၁း၃၀ နာရီ နေ့လည်စာ စားချိန်

ညနေ ၄းဝဝ နာရီ *ခဏရပ်နားချိန်*

ညနေ ၄း၁၅ - ၆းဝဝ နာရီ **အစီအစဉ် (၄)။ ဘုံသဘောတူညီချက်ချမှတ်ခြင်း ။** -- *အဖွဲ့ဝင်များ ရောနှောပါဝင်သည့် လုပ်ရှားမှု* *ရည်ရွယ်ချက်။ အားလုံးလိုချင်သော ကချင်ပြည်နယ်ရှိ မူးယစ်ဆေးသုံးစွဲမှုပြဿနာ၏အဖြေကို ရှာဖွေရန်။*

ညနေ ၅း၃၀ - ၆းဝဝ နာရီ *ဒုတိယနေ့ အစီအစဉ်ပြီးဆုံး*

**ကြာသပတေး၊ မေလ ၉ ရက်၊ ၂၀၁၉**

နံနက် ၈းဝဝ - ၁၀းဝဝ နာရီ **ဘုံသဘောတူညီမှု အတည်ပြုခြင်း။** -- *အဖွဲ့ဝင်များ အားလုံးပါဝင်ဆွေးနွေးရန်*

*ရည်ရွယ်ချက်။ အားလုံးလိုချင်သော ကချင်ပြည်နယ်ရှိ မူးယစ်ဆေးသုံးစွဲမှုပြဿနာ၏အဖြေကို ရှာဖွေခြင်းကို အတည်ပြုရန်ဖြစ်သည်။*

နံနက် ၁၀းဝဝ - ၁၀း၁၅ နာရီ *ခဏရပ်နားချိန်*

နံနက် ၁၀း၁၅ - ၁၀း၃၀ နာရီ **အစီအစဉ် (၅)။ လက်တွေ့လုပ်ဆောင်ခြင်း --** *အဖွဲ့ခွဲပြီးလုပ်ဆောင်ရန် ရန်ရွယ်ချက်။ ရေတို နှင့် ရေရှည် အစီအစဉ်ရေးဆွဲနိုင်ရန်ဖြစ်သည်။*

နံနက် ၁၁း၃၀ - ၁၂း၀၀ နာရီ **နောက်ဆက်လုပ်မည့်အစီအစဉ် နှင့် အပိတ်အမှာစကား --** *Robert Kelly, ADVISORY GROUP MEMBER*

နေ့လည် ၁၂း၀၀ - ၁း၀၀ နာရီ နေ့လည်စာ နှင့် နောက်ဆုံးနေ့ အစီအစဉ်ပြီးဆုံး